**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

**(၂၃) ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်**

**(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၇၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၈၇.၀၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ပထမကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀-၈-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ အခမ်းအနားသို့ တက်ရောက် မည့်ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးနှင့် တက်ရောက်သည့်ဦးရေ ၃၇၁ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၅၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၅၅ ဦးအနက် ၃၈ ဦးကတော့ ယမန်နေ့ကကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၁၇ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၂) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁ ရက်၊

(၃) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၁ ရက်၊

(၄) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ) ဦးအဒူရော်ဇက် ခွင့် ၄ ရက်၊

(၅) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၁ ရက်၊

(၆) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၇) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်၊

(၈) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၉) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ခွင့် ၁ ရက်၊

(၁၀) ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊

(၁၁) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်၊

(၁၂) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင် ခွင့် ၁ ရက်၊

(၁၃) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၁၄) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၄ ရက်၊

(၁၅) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၁ ရက်၊

(၁၆) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၄ ရက်၊

(၁၇) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်

သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**၂၀၁၅ ခုနှစ်မတိုင်မီ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်၊ မြို့နယ်များတွင် ရွေးကောက်ပွဲကော်မရှင်ရုံးများဆောက်လုပ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးယော်ဒီဒွေ့(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ့ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွေးကောက်ပွဲကော်မရှင်နဲ့စပ်ဆိုင်တဲ့မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံဖြစ်နေပြီဖြစ်သောကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ သက်တမ်း ၅ နှစ်လျှင်တစ်ကြိမ် ရွေးကောက်ပွဲများကျင်းပပြုလုပ်ရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးများ သီးခြားဆောက်လုပ်ထားခြင်းမရှိသေးပါသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးမှူးရုံးများ၌သာ ကော်မရှင်ရုံးများဖွင့်လှစ်ပြီး ကော်မရှင်လုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲတွင် နေရာအချို့၌ကော်မရှင်ရုံးဖွင့်လှစ်သည့်အခန်းနေရာကျဉ်းမြောင်းပြီး နေရာထိုင်ခင်းအဆင်မပြေမှုများ၊ အသုံး

အဆောင်ပစ္စည်းမပြည့်စုံတဲ့အခက်အခဲများ၊ကျွမ်းကျင်ဝန်ထမ်းမလုံလောက်တဲ့ အခက်အခဲများကြုံတွေ့ခဲ့ရကြောင်းသိရှိခဲ့ရပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးများစနစ်တကျဖွင့်လှစ်ပြီးဖြစ်ပါသဖြင့် ကော်မရှင်လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ လာမည့် ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ပါတီစုံအထွေထွေရွေးကောက်ပွဲများကျင်းပကြရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်များတွင် ရွေးကောက်ပွဲကော်မရှင်ရုံးများ သီးခြားတည်ဆောက်ပေးပြီး ကော်မရှင်လုပ်ငန်းနှင့်စပ်လျဉ်းတဲ့ အသုံးအဆောင်ပစ္စည်းများ၊ ကျွမ်းကျင်ဝန်ထမ်းများပြည့်ပြည့်စုံစုံထားရှိဖို့ရာ အထူးလိုအပ်လျက်ရှိကြောင်းတွေ့ရှိရပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့်အောက်ပါမေးခွန်းများကိုမေးမြန်းသွားမှာဖြစ်ပါတယ်-

(၁) ၂၀၁၅ ခုနှစ်မတိုင်မီ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်၊ မြို့နယ်များတွင် ရွေးကောက်ပွဲကော်မရှင်ရုံးများဆောက်လုပ်ရန်အစီအစဉ်ရှိ/မရှိ။

(၂) ဆောက်လုပ်ရန်အစီအစဉ်မရှိပါက မည်သည့်အကြောင်းကြောင့် မဆောက်နိုင်ကြောင်းသိရှိလိုပါသဖြင့်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းကို(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ ပူတာအိုမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ့မေးမြန်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ့ရဲ့မေးခွန်းမှာ ၂၀၁၅ ခုနှစ်မတိုင်မီ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်၊ မြို့နယ်များတွင် ရွေးကောက်ပွဲကော်မရှင်ရုံးများဆောက်လုပ်ရန်အစီအစဉ်ရှိ/မရှိနှင့် မေးခွန်း(၂)အဖြစ် မရှိပါကမည်သည့်အကြောင်းကြောင့် မဆောက်နိုင်ကြောင်းသိရှိလိုပါသဖြင့် မေးမြန်းခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတို့နဲ့အညီ ၂၀၁၀ ပြည့်နှစ်၊

နိုဝင်ဘာလ ၇ ရက်နေ့မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ ကြားဖြတ်ရွေးကောက်ပွဲကိုလည်းကောင်း အောင်မြင်စွာကျင်းပပေးပြီးဖြစ်ပါတယ်။ ယင်းသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများကို ကျင်းပခဲ့ရာမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(ဂ)အရ အများယုံကြည်လေးစားခြင်းခံရတဲ့ပုဂ္ဂိုလ် ၆ ဦး၊ ဌာနဆိုင်ရာဝန်ထမ်း ၉ ဦးတို့ဖြင့်ဖွဲ့စည်းထားတဲ့ တိုင်းဒေသကြီး ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါတယ်။ အဆိုပါ ရွေးကောက်ပွဲလုပ်ငန်းများဆောင်ရွက်ခဲ့ရာမှာ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွေ့အကြုံများအရလည်းကောင်း၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အတွေ့အကြုံများအရလည်းကောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ့မေးခွန်းမှာပါရှိသလိုပဲ သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးမှူးရုံးများ၌သာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများဖွင့်လှစ်ပြီး ကော်မရှင်လုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြရခြင်းဖြစ်ပါတယ်။ ဒါကြောင့် နေရာထိုင်ခင်းအဆင်မပြေမှုများ၊ အသုံးအဆောင်ပစ္စည်းများမပြည့်စုံတဲ့အခက်အခဲများ၊ ကျွမ်းကျင်ဝန်ထမ်းမလုံလောက်ခြင်းစတဲ့ အခက်အခဲများရှိခဲ့ပါတယ်။ ထို့အပြင် ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်းဖြစ်ပေါ်လာတဲ့ ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုတွေကို တရားဥပဒေနဲ့အညီ ဖြေရှင်းဆောင်ရွက်ရတဲ့အခါမှာလည်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၏ အထောက်အပံ့များကိုရယူဆောင်ရွက်ရာမှာ အမာခံဝန်ထမ်းနှင့် ရုံးအဆောက်အအုံ ခိုင်ခိုင်မာမာမရှိတဲ့ အခက်အခဲအချို့လည်းရှိခဲ့ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဖော်ပြပါအခက်အခဲများအား ပြေလည်စွာဆောင်ရွက်နိုင်ရန်နှင့် နောင်ကျင်းပမည့်ရွေးကောက်ပွဲများကို ဥပဒေနဲ့အညီ စနစ်တကျကျင်းပပြုလုပ်ပေးနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း၊ ဥပဒေနဲ့အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်းတို့ကိုပြုလုပ်ရာတွင် ထိရောက်လျင်မြန်မှုရှိစေရေးအတွက်လည်းကောင်း၊ ရွေးကောက်ပွဲဆိုင်ရာအသုံးစရိတ်ရန်ပုံငွေများကို စနစ်တကျတွက်ချက်တောင်းခံသုံးစွဲခြင်းကိစ္စများအတွက်လည်းကောင်း၊ အုပ်ချုပ်ထောက်ပံ့မှုကိစ္စများအတွက်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်များမှာ ကော်မရှင်အဖွဲ့ခွဲရုံးများသီးခြားရှိပြီး ကော်မရှင်လုပ်ငန်းနဲ့ဆက်စပ်တဲ့ အသုံးအဆောင်ပစ္စည်းများနှင့် ကော်မရှင်ရုံးဝန်ထမ်းများကို ဗဟိုရုံးကဲ့သို့ အမြဲတမ်းဝန်ထမ်းများ ခန့်ထားဆောင်ရွက်ရန်လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါရွေးကောက်ပွဲ

လုပ်ငန်းများ ပီပြင်ပိုင်နိုင်စွာဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်၏ အဆိုပြု ဖွဲ့စည်းပုံကိုရေးဆွဲပြီး ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှာ ပြည်ထောင်စု အစိုးရအဖွဲ့ထံတင်ပြ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ကလည်း ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်စွဲပါ စာအမှတ်၊ ၄၈/၂၅၇/အဖရ(၃၀/၂၀၁၂)ဖြင့် ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံပါ ခွင့်ပြုချက်အတိုင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများအား ပထမဦးစားပေးအဖြစ် လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မြို့နယ်အဆင့်ရုံးခွဲများကို ဒုတိယဦးစားပေးအဖြစ် လည်းကောင်း ဖွဲ့စည်းရန်လျာထားဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါမှာတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်မှာ ခွင့်ပြုရန်ပုံငွေရရှိပြီးဖြစ်တဲ့အတွက် လုပ်ထုံးလုပ်နည်းများနဲ့အညီ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ၉ ရုံးကို ၂၀၁၃ ခုနှစ် ဧပြီလမှာပဲစတင်ဖွဲ့စည်းပြီး သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနဲ့တွဲဖက်ပြီးတော့ ရုံးလုပ်ငန်းများထမ်းဆောင်နေပြီဖြစ်ပါတယ်။ ကျွမ်းကျင်ဝန်ထမ်းများရရှိရေးကိုလည်း အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါတယ်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲရုံးများကိုလည်း အချိန်မီဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ ထို့အပြင် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ခွင့်ပြုချက်နဲ့အညီ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ ဖွဲ့စည်း ဆောင်ရွက်ရာမှာ လုပ်ငန်းဆိုင်ရာအခက်အခဲများမရှိစေရေးအတွက် ရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၁ နှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၄ တို့အရ သက်ဆိုင်ရာတိုင်း ဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များထံမှ လိုအပ်သည်များကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် မေတ္တာရပ်ခံ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာအစိုးရအဖွဲ့များရဲ့စီစဉ်ပေးမှုအရ ထိုက်သင့်သည့် ရုံးခန်းများရရှိပြီးတော့ လုပ်ငန်းများအဆင်ပြေစွာဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့ ယခုဘဏ္ဍာရေးနှစ်အတွင်းမှာပဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် အဆင့်ရုံးခွဲများဖွင့်လှစ်ရေးကိုဆောင်ရွက်လျက်ရှိပါတယ်။ လျာထားချက်နဲ့အညီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ မြို့နယ်အဆင့်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများကို ဆက်လက်ဖွဲ့စည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းသို့ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများ ဖွင့်လှစ်ရာမှာလည်း နိုင်ငံတော်၏ဘဏ္ဍာရေးဦးစားပေးအခြေအနေရ အဆောက်အအုံများဆောက်လုပ်ရန် ဘတ်ဂျက်ငွေ တောင်းခံခြင်းမပြုသေးဘဲ သက်ဆိုင်ရာဒေသအစိုးရအဖွဲ့များနဲ့ညှိနှိုင်းဆောင်ရွက်ပြီး ယင်းတို့စီစဉ် ပေးတဲ့ရုံးခန်းတွေမှာသာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများကို ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ သီးခြားဆောက်လုပ်ရန်အစီအစဉ်မရှိ

သေးပါကြောင်းဖြေကြားအပ်ပါတယ်။ ထိုသို့ သက်ဆိုင်ရာအစိုးရအဖွဲ့များမှာ နေရာအခက်အခဲကြောင့် ရုံးခန်းများစီစဉ်ပေးနိုင်ခြင်းမရှိလို့ မြေနေရာကိုသာစီစဉ်ပေးပါက အဆိုပါမြေနေရာများမှာ သီးခြားရုံး အဆောက်အအုံဆောက်လုပ်၍ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများကို ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ ယင်းသို့မြေနေရာစီစဉ်ပေးပြီးတော့ သီးခြားအဆောက်အအုံဆောက်လုပ်ရမည်ဆိုပါက ဘဏ္ဍာရေး ရန်ပုံငွေခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်သွားနိုင်မည်ဖြစ်တဲ့အတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဘဏ္ဍာငွေတင်ပြတောင်းခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါ တယ်။ (သြဘာသံများ)

**တောင်ယမားချောင်းရေတိုက်စား၍ပြိုကျသည့်ကမ်းပါးအတွက် လိုအပ်သည့်ရန်ပုံငွေအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေထည့်သွင်းတောင်းခံဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါ တယ်။ ပြည်သူများရဲ့ဆန္ဒနအရ မေးခွန်းတစ်ခုကိုမေးမြန်းလိုပါတယ်။ ဆားလင်းကြီးမြို့နယ်ဟာ တောင်ယမားချောင်းရှိခဲ့ပြီးတော့ အနောက်ကနေ အရှေ့သို့ ၂၅ မိုင်ကွာဝေးပြီးတော့ အရှိန်ပြင်းထန်စွာ စီးဆင်းရေတိုက်စားမှုကြောင့် ချင်းတွင်းမြစ်အနီးမှာ ကမ်းပြိုကျတဲ့ဖြစ်စဉ်တွေဖြစ်ပွားခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်၊ ၂၀၁၁ ခုနှစ်၊ ၂၀၁၃ ခုနှစ်အထိ အလျားပေ ၃၀၀၊ အနံပေ ၅၀ တချို့နေရာတွေမှာ ပေ ၁၀၀ ကွာ ကမ်းပါးရေတိုက်စားသဖြင့် ဒီအခြေအနေအားလုံးကို ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြခဲ့တဲ့အခါ တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအမံနဲ့ သက်ဆိုင်ရာပို့ဆောင်ရေးဝန်ကြီးဌာန ပညာရှင် များထံမှနည်းပညာအကူအညီများရယူပြီးတော့ ကမ်းပါးပြိုကျမှုနည်းပါးစေရန်အတွက် ကျေးရွာလူထု အစီအမံနဲ့ မြေထိန်းနံရံတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်သော်လည်း လုံးဝရပ်တန့်သွားမှုတော့မရှိပါဘူး။ အထိုက်အလျောက်တော့ ပြိုကျပျက်စီးမှုသက်သာသွားခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သံလျက်ကင်းကျေးရွာအနီးမှာရှိတဲ့ ပြိုကျတဲ့ကမ်းပါးဟာ ရွာဦး ရှေးဟောင်းစေတီနဲ့ အခြေခံပညာမူလတန်းကျောင်းနဲ့ပေ ၅၀ အကွာကိုရောက်ရှိနေတာဖြစ်တဲ့ အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာရှင်များအကူအညီနဲ့ ဒီလုပ်ငန်းနဲ့ကုန်ကျမည့်ငွေကြေးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ

ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံပေးနိုင်ရေးအတွက်သိလိုပါသဖြင့် ပြည်သူများရဲ့ကိုယ်စား ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ လေးစားပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်းနှင့် စိတ်၏ချမ်းသာခြင်းနဲ့ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁မှ ဒုတိယဝန်ကြီးဦးသန့်ရှင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်မေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဖြေကြားချက်မှာ ဆားလင်းကြီးမြို့နယ် ညောင်ပင်ကိုင်းကျေးရွာအနီး ကမ်းပြိုမှုအခြေအနေနှင့် တောင်ယမားချောင်းရေလမ်းအခြေအနေတို့ကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာစိစစ်ပြီးဖြစ်ပါတယ်။ ကမ်းပြိုအလျားမှာ ၆၅၀ ပေဖြစ်၍ ကမ်းပါးပြေပြစ်သော အလျား ၃၈၀ ပေတွင် မျှောတိုင်တန်းကရစ်ကွက်တည်ဆောက်ခြင်းနှင့် ကမ်းပါးမတ်စောက်သော အလျား ၂၇၀ပေ တွင် အခြေပြုကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းတို့ကိုဆောင်ရွက်ပေးရန်လိုအပ်ပါတယ်။ ဆောင်ရွက်မည့်အစီအမံများကိုလည်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်သို့ တင်ပြထားပြီးဖြစ်ပါတယ်။ အဆိုပါကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၂ ခုအတွက် ခန့်မှန်းကုန်ကျငွေမှာ ကျပ် ၃၁၅ သိန်းကုန်ကျမည်ဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေစာရင်း၊ မီးဘေးနှင့် သဘာဝအန္တရာယ်ကြိုတင်ကာကွယ်ရေးခွင့်ပြုရန်ပုံငွေရရှိရေး တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဘားအံမြို့၏ မြစ်ကမ်းနားတစ်လျှောက်သာယာလှပရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်ရှင်။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာရဲ့ကိုယ်စား ကျွန်မမေးခွန်းမေးမြန်းပါ့မယ်။ ဥက္ကဋ္ဌကြီးရှင်။ တပ်မတော်အစိုးရလက်ထက်တွင် ဘားအံမြို့ကမ်းနားတစ်လျှောက်တွင်ရှိသော လူနေအိမ်များကို ဖယ်ရှားပေးရာ၌ အမှတ်(၃)ရပ်ကွက်တွင် အိမ်များသာမက ဆန်စက်များပါ ဖျက်သိမ်းခဲ့ပါတယ်ရှင်။ ဖျက်သိမ်းရသော ရည်ရွယ်ချက်မှာ ကမ်းနားတစ်လျှောက်သာယာလှပရေးအတွက် ဖြစ်ပါတယ်ရှင်။ သို့သော် ယနေ့ထက်တိုင်မည်သည့်စီမံကိန်းမှ အကောင်အထည်ဖော်ခြင်းမရှိဘဲ သဲ၊ ကျောက် ရောင်းဝယ်ရေးစီးပွားရေးလုပ်ငန်းရှင်များသာ မြစ်ကမ်းတစ်လျှောက်၌ စုပုံရောင်းဝယ်နေကြပါတယ်။ အိမ်ရာဖယ်ပေးလိုက်ရသော မဲဆန္ဒရှင်များမှာ များစွာစိတ်မကောင်းဖြစ်ရပါတယ်။ ထိုသို့ သဲ၊ ကျောက်များ စုပုံရောင်းဝယ်မည့်အစား မော်လမြိုင်မြို့ကဲ့သို့ သာယာလှပအောင် ဆောင်ရွက်စေချင်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ အဲ့ဒီ ဘားအံမြို့၏ မြစ်ကမ်းပါးတစ်လျှောက် သာယာလှပရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ (ဩဘာသံများ)

[ဒေါ်နန်းစေအွာ၊ ဘားအံမဲဆန္ဒနယ်ကိုယ်စား ဒေါ်ဇာတလဲမ်း၊ ထန်ထလန်မဲဆန္ဒနယ်က မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ မေးမြန်းသည့် မေးခွန်းနှင့် ပတ်သက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်မှာ ဘားအံမြို့ သံလွင်မြစ်ကမ်းဘေးတစ်လျှောက်အတိုင်းအတာမှာ ဘီအိုစီကွေ့မှ ဘားမဲတောင်ခြေအထိ ပေအရှည် ၆၃၀၀ ဖြစ်ပါတယ်။ အဆိုပါကတ္တရာလမ်းအား အဆင့်မြှင့်ခြင်း၊ တိုးချဲ့ခြင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ

ဆောင်ရွက်လျက်ရှိပြီး စည်ပင်သာယာရေးအဖွဲ့မှ မြစ်ကမ်းနားတစ်လျှောက်သာယာလှပရေးအတွက် မြစ်ကမ်းနဖူးရှိ သဲ၊ ကျောက်လုပ်ငန်းရှင် ၇ ဦး၏ လုပ်ငန်းများကို ပြောင်းရွှေ့ဖယ်ရှားစေခဲ့ပြီး သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ပါတယ်။ အဆိုပါမြစ်ကမ်းနဖူးတစ်လျှောက်တွင် မြေထိန်းနံရံများပြုလုပ်ခြင်း၊ စတီးလက်ရမ်းများတပ်ဆင်ခြင်း၊ လူသွားစင်္ကြံများတည်ဆောက်ခြင်း၊ မြေခင်းအလှဆင်ခြင်း၊ လမ်းဘေးဝဲယာပန်းအလှပင်များစိုက်ပျိုးခြင်းလုပ်ငန်းများကို စီမံချက်ရေးဆွဲ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဩဂုတ်လမှစတင်၍ ဆောင်ရွက်သွားလျက်ရှိပါကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မုံရွာမြို့တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စည်းကမ်းဖောက်ဖျက်သော ကုမ္ပဏီအား အရေးယူရန် အစီအစဉ်ရှိ/မရှိနှင့် စီမံကိန်းကြောင့် နစ်နာဆုံးရှုံးခဲ့ရသည့် ဒေသခံများအား မည်ကဲ့သို့ ကာကွယ်မည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဌာနဆိုင်ရာပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီကနေ့မေးမြန်းမယ့်မေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့မှ စည်းကမ်းချက်များချမှတ်၍ လုပ်ကိုင်ခွင့်ပြုခဲ့သော်လည်း ယခုအချိန်ထိ ဆောင်ရွက်လုပ်ကိုင်ခြင်းမပြုသည့်အပြင် စည်းကမ်းဖောက်ဖျက်လျက်ရှိသော ကုမ္ပဏီအား အရေးယူပေးရန်အစီအစဉ်ရှိ/မရှိနှင့် စီမံကိန်းကြောင့် အကျိုးစီးပွားနစ်နာဆုံးရှုံးခဲ့ရတဲ့ ဒေသခံများအား နိုင်ငံတော်မှ မည်ကဲ့သို့ကာကွယ်ကုစားပေးမည်နည်းနှင့် စောင့်ရှောက်ပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရဲ့ မုံရွာတောင်ရပ်ကွက်အမှတ်(၆၈၃) ဂဒုတ်ကုန်းကွင်းမြေဧက ၃၀ မှာ နေအိမ်များ၊ အရောင်းဆိုင်များနှင့် လုပ်ငန်းများလုပ်ကိုင်နေကြသူများရဲ့ ဂရန်များလက်ဝယ်ရှိထားတဲ့ မူလပိုင်ရှင်များရဲ့ မြေများဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ် အမှတ်(၆၈၃) ဂဒုတ်ကုန်းကွင်းက ပိုင်ရှင် ၄၅ ဦးပိုင်ဆိုင်တဲ့ ဂရန်ရှိတဲ့မြေစုစုပေါင်း ဧက ၁၂.၅ ဧကကို ၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကျော် ပ/၃၃၄၄ မှ ခရိုင်အားကစားကွင်းဆောက်လုပ်ရန် သိမ်းယူခဲ့ပါတယ်။ ထိုသို့

သိမ်းစဉ်က မြေပိုင်ရှင်အားလုံးကို အကြောင်းကြားခြင်းမရှိခဲ့ဘဲ တချို့ကိုသာ ဂရန်များအပ်နှံရန် အကြောင်းကြားခဲ့ပါတယ်။ လျော်ကြေးငွေ တစ်စုံတစ်ရာပေးခြင်း၊ မြေအစားပေးခြင်းမျိုးကိုလည်း ယနေ့အချိန်ထိ ဆောင်ရွက်တာမရှိပါဘူး။ အဆိုပါမြေတွေဟာ ၃၁-၈-၁၉၇၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၄၇)အရ မြို့နယ်နိမိတ်အတွင်းကျရောက်သော မြေကွက်များဖြစ်ကြောင်းကိုလည်းကောင်း၊ ၂၄-၄-၁၉၉၁ အမှတ်စဉ် ၄/တဝတ/၉၁ ဆုံးဖြတ်ချက် အပိုဒ် ၉၆ အရ လူနေအိမ်ဝင်းမြေအဖြစ် သတ်မှတ်၍လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၁-၇-၁၉၉၈ နေ့စွဲပါစာအမှတ် ၁၀၀/၂၂-၅၆/ဦး-၁အရ မြို့နယ်နိမိတ်အတွင်းကျရောက်သော ဂရန်ရှိမြေကွက်များ ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ တော့ စာအမှတ် ၅/၄၃-၂၂၂(၂၀၅)/ဦး-၆ ဖြင့် ရွှေနဂါးမင်းထရေးဒင်းကုမ္ပဏီလီမိတက်ကို တ.ယ.က အတွင်းရေးမှူး ဦးမြအောင်လက်မှတ်နဲ့ ၂၀၀၇ ခုနှစ်က သိမ်းဆည်းခဲ့တဲ့ ခရိုင်အားကစားကွင်းနေရာ အပါအဝင် နောက်ထပ်ဂရန်မြေကွက်များနှင့် လူနေအိမ်များပါဝင်တဲ့ စုစုပေါင်း မြေဧက ၃၀ ကို အဆင့်မြင့်ဟိုတယ်များဆောက်လုပ်ရန်အတွက် ရွှေနဂါးမင်းကုမ္ပဏီဥက္ကဋ္ဌရဲ့လက်မှတ်နဲ့ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးထံ လိပ်မူ၍တောင်းဆိုခဲ့တဲ့အတွက်ကြောင့် ဒီမြေနေရာကို ချထားပေးခဲ့တာကို တွေ့ရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဒီလိုခွင့်ပြုတဲ့အကြောင်းကို (၁) ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှာ စာအမှတ် ၅/၄၃- ၂၁၈(၅၆၁)/ဦး-၆ ဧရိယာ ၄.၁၈ ဧက၊ (၂) ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှာ စာအမှတ် ၅/၄၃- ၂၁၈(၅၆၃)/ဦး-၆ ဧရိယာ ၄.၃၄ ဧက၊ (၃) ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်မှာ စာအမှတ် ၅/၄၃- ၂၁၈(၅၆၅)/ဦး-၆ ဧရိယာ ၄.၉၂ ဧက၊ (၄) ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့မှာ စာအမှတ် ၅/၄၃- ၂၁၈(၆၉၅)/ဦး-၆ ဧရိယာ ၄.၅၀၇ ဧက၊ (၅) ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့မှာ စာအမှတ် ၅/၄၃- ၂၁၈(၆၉၇)/ဦး-၆ ဖြင့် ဧရိယာ ၄.၃၅၄ ဧရိယာဆိုပြီးတော့ မြေပေးမိန့် ၅ စောင်နှင့် မြေယာများကိုချထားပေးခဲ့တာတွေ့ရပါတယ်။ ထိုမြေပေါ်မှာဆိုရင် ဂရန်ကျပြီး မြေကွက် စုစုပေါင်း ၅၀ ကျော်ပါဝင်ပြီး အိမ်ထောင်စုပေါင်းက ၇၀ ကျော်ရှိပါတယ်။ လက်ရှိမှာ တိုက်တာအဆောက်အဦများ၊ လူနေအိမ်များနှင့် လုပ်ငန်းများထူထောင်ကာ အတည်တကျနေထိုင်နေကြပြီး နှစ်ပေါင်းများစွာ နေထိုင်လာကြတဲ့လူတွေ ပိုင်ဆိုင်တဲ့ နေရာပဲ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရမှ ရွှေနဂါးမင်းကုမ္ပဏီကို ဒီလိုမြေဧက ၃၀ ချထားပေးခဲ့စဉ်ကပဲ စည်းကမ်းချက် ၃ ချက်သတ်မှတ်ပြီးတော့ ချထားပေးခဲ့တဲ့စာတွေမှာ ကျွန်မတို့တွေ့ခဲ့ရပါတယ်။ စည်းကမ်းချက် ၃ ချက်ကတော့ (က) မြို့ပြအင်္ဂါရပ်နယ်မြေအနေအထားနှင့်ကိုက်ညီတဲ့ အဆင့်အတန်းမီအဆောက်အအုံဆောက်လုပ်ရန် (ခ) ၃ လအတွင်း ဝင်းခြံခတ်ပြီး ၆ လအတွင်းမှာ အဆောက်အဦ ဆောက်လုပ်ပြောင်း

ရွှေ့ရန် (ဂ) အထက်ပါစည်းကမ်းချက်များအား လိုက်နာမည်ဖြစ်ကြောင်းနှင့် ပျက်ကွက်ပါက မြေကွက်ပြန်လည်သိမ်းယူခံရမည်ဖြစ်ကြောင်း သဘောတူညီမှုရှိပြီးဖြစ်သည်ဟု မှတ်ယူရန်ဆိုတဲ့ အချက် ၃ ချက်နှင့် ဒီစည်းကမ်းချက် ၃ ချက်နှင့် ချထားပေးခဲ့တာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ သို့သော်လည်း ရွှေနဂါးမင်းကုမ္ပဏီဟာ မြေပေးမိန့်ရတဲ့အချိန်ကစပြီး ယနေ့အချိန်ထိ မူလပိုင်ရှင်များကို ခေါ်ယူတွေ့ဆုံညှိနှိုင်းခြင်း၊ ကာလတန်ဖိုးပေးလျော်ခြင်း၊ မြေအစားထိုးပေးလျော်ခြင်းများ မပြုလုပ်တဲ့အပြင် ယနေ့အချိန်ထိ မည်သည့် ဟိုတယ်၊ အဆောက်အဦမျှ ဆောက်လုပ်ထားတာကိုလည်း မတွေ့ရပါဘူး။ သိမ်းယူခဲ့တဲ့ မြေနေရာမှာ အကွက်ရိုက်ပြီး မုံရွာတောင် အဆင့်မြင့်အိမ်ရာစီမံကိန်းလို့ ခေါင်းစဉ်တပ်ပြီးတော့မှ လမ်းဘေးမှာဆိုင်းဘုတ်ထောင်၍ မြေကွက်တွေ ရောင်းစားခဲ့တာကိုလည်း တွေ့ရပါတယ်။ တစ်ဖန် ၎င်းကုမ္ပဏီကပဲ မူလလက်ငုတ်လက်ရင်းနေထိုင်တဲ့သူတွေကို ကျူးကျော်သူတွေဆိုပြီးတော့ မုံရွာတရားရုံးမှာ ကျူးကျော်သူနှင်ထုတ်ပေးစေလိုမှုတရားစွဲဆိုခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် မူလပိုင်ရှင်တွေအနေနဲ့ တရားဥပဒေမဲ့ပြုကျင့်ခံရပြီး နှစ်ပေါင်းများစွာ ကိုယ်ပိုင်မြေများအသိမ်းခံရခြင်း၊ တရားမျှတမှုမရှိတဲ့အမှုများ စွဲဆိုခံရခြင်းနှင့် မိမိပိုင်မြေ မိမိလက်ဝယ်ရပိုင်ခွင့်မရှိခြင်း၊ မိသားစုပေါင်းများစွာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ နေထိုင်ရခြင်း၊ ယခုအချိန်မှာ ကာလတန်ဖိုးအရ ရောင်းစားမယ်ဆိုရင်လည်း သင့်တင့်တဲ့ဈေးနှုန်းရရှိပြီးတော့ မိသားစုတွေရဲ့စားဝတ်နေရေး၊ လူမှုရေးတွေ ပြေလည်ရမယ့် အခြေအနေဖြစ်ပေမယ်လို့ ဒီအချိန်မှာတော့ အားလုံးဟာ ဆင်းရဲကြပ်တည်းစွာနှင့် နေထိုင်နေရတာကို တွေ့ရှိ ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မူလမြေပိုင်ရှင်များ မိမိတို့ မြေနေရာများကို မြင်နေရပါလျက် ဝင်ရောက်နေထိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်မရှိကြဘဲ လက်ရှိနေထိုင်သူ မဖယ်ရှားခံရသေးတဲ့လူတွေကလည်း ဘယ်တော့များ ငါတို့ဖယ်ရှားခံရမလဲဆိုတဲ့စိတ်နဲ့ စိုးရိမ်ကြောင့်ကြပြီးတော့ နေထိုင်နေကြပါတယ်။ ကုမ္ပဏီကြီးတစ်ခုအနေနဲ့ မြေဧက ၃ဝ ဆိုတာ မပြောပလောက်ပေမယ်လို့ ဒေသခံပြည်သူတွေအတွက်ကတော့ ဘဝတွေပါ။ ကုမ္ပဏီကြီးတစ်ခုအနေနဲ့ ဒီဧက ၃ဝ လောက်ကို ဒေသခံမူလပိုင်ရှင်လက်ထဲကို ပြန်လည်ပေးအပ်လိုက်ခြင်းဖြင့် ဘဝပေါင်းများစွာကို ကယ်တင်ရာရောက်တဲ့အတွက် အားလုံးရဲ့ကျေးဇူးတင် လေးစားခံရပြီးတော့မှ ဂုဏ်သိက္ခာလည်းရှိလာမှာ ဖြစ်ပါတယ်။ ဒီကနေ့ နိုင်ငံတော်မှာ အစိုးရအနေနဲ့ အဘက်ဘက်က ပြုပြင်ပြောင်းလဲရေးတွေဖော်ဆောင်နေပြီး ပြည်သူအတွက် ကောင်းမွန်တဲ့အစိုးရ (Good Government) ဖြစ်အောင်ကြိုးစားနေတဲ့ အချိန်မှာ ကောင်းသတင်းရှိတဲ့ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်အဖြစ် ပြည်သူတွေရဲ့အကြားမှာ

ယုံကြည်မှုတည်ဆောက်နိုင်ပြီး ပြည်သူများဝမ်းသာပျော်ရွှင်စေခြင်းဖြင့် အကျိုးစီးပွားနစ်နာဆုံးရှုံးရသူတွေကို မူလနေရာကို ပြန်လည်ပေးအပ်ခြင်းဖြင့် ကုစားသင့်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ၂၀ဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၅၆ မှာ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရပိုင်ထားသော

**ဥက္ကဋ္ဌ**။ ။ မေးခွန်းသာမေးပါ။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရပိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရကာကွယ်ပေးရမည်။ ပုဒ်မ ၃၅၇

**ဥက္ကဋ္ဌ**။ ။ မေးခွန်းသာမေးပါ။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ ကျွန်မအခု ဒီဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၆၊ ၃၅၇ အရ ဒေသခံများဟာလည်း ကုစားပိုင်ခွင့်လည်းမရခဲ့ပါဘူး။ နောက်တစ်ခုကလည်း ကုမ္ပဏီအနေနဲ့ ယနေ့အချိန်ထိ စည်းကမ်းချက်များကိုလည်း ဆောင်ရွက်ခဲ့ခြင်းမရှိတဲ့အတွက်ကြောင့် ဒီကနေ့နစ်နာဆုံးရှုံးနေရတဲ့ ဒေသခံပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးပါရန်နှင့် နစ်နာမှုများကိုကုစားပေးပါရန် အစီအစဉ်ရှိ/မရှိ တိုင်းဒေသကြီးအစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများကို လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်မေးမြန်းသည့် မေးခွန်းနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် စီမံကိန်းလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ဇေယျာရွှေမြေဘောလုံးအသင်းဖွဲ့စည်းတည်ထောင်သည့် ရွှေနဂါးမင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ မုံရွာမြို့ မြို့မအားကစားကွင်းအား အဆင့်မြင့်အားကစားကွင်းအဖြစ် ကြိုတင်ပြင်ဆင်ဆောက်ရွက်လျက်ရှိပြီး

နောင်ကျင်းပမည့်ပြိုင်ပွဲများ၊ အားကစားပွဲများ၊ ပရိသတ်များ တည်းခိုနိုင်ရန် အဆင့်မြင့်ဟိုတယ် တည်ဆောက်လိုပါသဖြင့် သင့်တင့်သောမြေဧရိယာ ၃ဝ ဧက ခွင့်ပြုပေးပါရန် လျှောက်ထားလာခြင်း အပေါ် စစ်ကိုင်းတိုင်းဒေသကြီး၊ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေး ဆုံးဖြတ်ချက်များဖြင့် မုံရွာတောင်ရပ်ကွက်ကွင်းအမှတ်(၆၈၃) ဂဒုတ်ကုန်းကွင်းတွင် အောက်ပါအတိုင်း ခွင့်ပြုခဲ့ပါသည်။ (က) ၁၈-၈-၂၀၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးအမှတ်စဉ်(၉/၂၀၁၀) ဆုံးဖြတ်ချက် (၁၈) အရ ဦးပိုင်အမှတ်(၁/၄၈) ၄.၁၈ ဧက၊ ဦးပိုင်အမှတ် (၂/၄၇) ၄.၃၄ ဧက၊ ဦးပိုင်အမှတ်(၃) ၄.၉၂ ဧက၊ (ခ) ၂၆-၈-၂၀၁၀ ရက်နေ့ တွင် ကျင်းပပြုလုပ်သည့် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၀) ဆုံးဖြတ်ချက် (၂၀) အရ ဦးပိုင်အမှတ်(၂၈-ခ)၊ (၂၉-ဃ)၊ (၂၉-င)၊ (၂၉) ၄.၅၀၇ ဧက၊ ဦးပိုင်အမှတ် (၂၆-က)၊ (၂၆/၈၇)၊ (၂၇)၊ (၂၇/၈၈)၊ (၂၉-က)၊ (၂၉-ခ)၊ (၂၈-တ)၊ (၂၉-ဃ)၊ (၂၉-င)၊ (၂၈-ခ)အရ ၄.၃၅၄ ဧက၊ (၂) တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ခွင့်ပြုချထားပေး ခဲ့သော မြေဧက ၂၂.၃၀၁ ဧကသည် ဖုန်းဆိုးမြေများဖြစ်နေသဖြင့် ရေစီးရေလာကောင်းမွန်စေရေး အတွက် မြေညှိခြင်း၊ ရေမြောင်းများတူးဖော်ခြင်း၊ အမာခံလမ်းများ ဖောက်လုပ်ခြင်း၊ တည်ဆောက်ရေး လုပ်ငန်းများဆောက်လုပ်ရာတွင် အသင့်ဖြစ်စေရေးအတွက် အမာခံလမ်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြေဧက ၃ဝ ပြည့်မီရန် ကျန်ရှိသည့် မြေဧက ၇.၆၉၉ ဧကပေါ်တွင် လက်ရှိအခြေအနေမှာ ဂိုထောင်များ အခိုင်အမာဆောက်လုပ်ထားသည့် လူနေအိမ်များတည်ရှိနေ ကြောင်းစိစစ်တွေ့ရှိရပါသည်။ ကုမ္ပဏီအနေဖြင့် မြေဧရိယာ ဧက ၃ဝ သတ်မှတ်ခွင့်ပြုချက်ရရှိထား သော်လည်း ၂၂.၃၀၁ ဧကသာ လက်ဝယ်ရရှိထားပြီး လက်ရှိကုမ္ပဏီ Earth Work လုပ်ငန်းများအား ဆောင်ရွက်ထားရှိပြီး ခရိုင်အားကစားကွင်းအစားထိုးမြေနေရာပေးအပ်နိုင်ရေး အားကစားဝန်ကြီး ဌာနနှင့် ဒေသခံပြည်သူများတို့ပူးပေါင်း၍ ရှာဖွေဆောင်ရွက်လျက်ရှိကြောင်း။ ထိုသို့ရှာဖွေသော်လည်း အားကစားကွင်းစံချိန်စံညွှန်းအတိုင်းအတာမပြည့်မီခြင်း၊ အားကစားကွင်းအင်္ဂါရပ်နှင့် သတ်မှတ်ပြည့်မီ သော်လည်း လယ်ယာမြေများဖြစ်နေခြင်းတို့ကြောင့် မြေနေရာရရှိရေး ဆောင်ရွက်နေရပါသဖြင့် အချိန်ကာလကြန့်ကြာလျက်ရှိနေကြောင်း။ လက်ဝယ်ရရှိထားသည့် မြေနေရာတွင် ခေတ်မီအဆင့်မြင့် ဟိုတယ်တစ်လုံးအား သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ခွင့်ပြုချက်တောင်းခံပြီး တည်ဆောက်သွားမည် ဖြစ်ကြောင်း အဆင့်မြင့်ဟိုတယ်နှင့် မြို့သာယာလှပစေမည့် တည်ဆောက်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆောက်အဦ ဗိသုကာပုံစံများကို ခေတ်နှင့် လျော်ညီစွာပြင်ဆင်ရေးဆွဲ၍ အဆောက်အဦ ဗိသုကာပုံစံ Master Plan များ ဆောက်လုပ်ပြီးစီးမည့်

အချိန်ကာလများကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရွှေနဂါးမင်း ကုမ္ပဏီမှ တင်ပြလာပါသည်။ ကုမ္ပဏီနှင့် မြေအသိမ်းခံတောင်သူများ ညှိနှိုင်းဆွေးနွေးရာတွင် ၁၃.၄၄ ဧကပေါ်တွင် ပါဝင်သောပုဂ္ဂိုလ် ၆ ဦးထံမှ မြေကွက် ၁၆ ကွက်ကို တည်ဆောက်ရေး လုပ်ငန်း ဖော်ဆောင်ရာတွင် တစ်ဆက်တည်းဖြစ်စေရေးအတွက် ကာလပေါက်ဈေးကျပ်သိန်းပေါင်း ၂၉၆၀ ဖြင့် ပြန်လည်ဝယ်ယူခဲ့ကြောင်း ကျူးကျော်တဲများရှိသည့် ပုဂ္ဂိုလ် ၉ ဦးနှင့် အဆောက်အဦကိုလည်း နစ်နာကြေးသိန်းပေါင်း ၆၄၀ ပေး၍ ပြောင်းရွှေ့စေခဲ့ကြောင်း။ သို့သော်လည်း ၎င်းအပိုင်းတွင် ပါဝင် သည့်ပုဂ္ဂိုလ် ၃ ဦးသည် ကုမ္ပဏီမှ ပံ့ပိုးပေးမှုအပေါ် လက်မခံသဖြင့် တရားရုံးတွင်အမှုရင်ဆိုင်ခဲ့ရ ကြောင်း။ ကုမ္ပဏီမှ တရားရုံးတွင် အနိုင်ရရှိသော်လည်း ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၀ ပံ့ပိုးပေးခဲ့ ကြောင်း စုစုပေါင်းကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံထားသည့်ငွေမှာ ကျပ်သိန်းပေါင်း ၇၈၅၇.၁၄ သိန်း ဖြစ် ကြောင်း ကုမ္ပဏီမှတင်ပြထားပါသည်။ ကုမ္ပဏီမှလုပ်ပိုင်ခွင့် ရရှိသောမြေနေရာများပေါ်တွင် စီမံကိန်း လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လိုသော်လည်း ဖော်ပြပါအခက်အခဲများကြောင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပေါ်နေရကြောင်း စစ်ဆေးသိရှိရသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ကုမ္ပဏီမှ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို အမြန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာကုမ္ပဏီသို့ ညွှန်ကြားဆောင်ရွက်စေမည်ဖြစ်ကြောင်း ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ အရ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို ကျွန်မမေးပါရစေ။ ကျွန်မတင်ပြတဲ့အထဲမှာ အခုဟာက မြေနေရာ တွေကို အသိမ်းခံထားရတဲ့ မူလပိုင်ရှင်များကို လျော်ကြေးပေးထားတာမတွေ့ရပါဘူး။ အဲ့ဒီလူတွေကို လည်း နောက်ထပ်မြေအစားပေးတာတွေလည်း ကျွန်မတို့ မတွေ့ရပါဘူး။ ဒီဆုံးရှုံးထားတဲ့ ပုဂ္ဂိုလ် ၇၀ ကျော်ကို ဘယ်လိုဆောင်ရွက်ပေးမယ်ဆိုတာနဲ့ ဘယ်လိုကုစားပေးမယ်ဆိုတဲ့မေးခွန်းကို မေးရခြင်း ဖြစ်တဲ့အတွက်ကြောင့် ဒီအဖြေကိုလည်း တစ်ဆက်တစ်စပ်တည်း မေးခွန်းအနေနဲ့ ဖြေကြားပေးဖို့ရာ အတွက် မေတ္တာရပ်ခံအပ်ပါတယ်။

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်စပ်မေးခွန်းကို ကျွန်တော်က ကိုယ်စားလာဖြေတာဖြစ်တဲ့အတွက် တရားဝင်စာနဲ့မေးမယ် ဆိုလို့ရှိရင် သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ပြန်လည်ထပ်ဆင့်မေးမြန်းပြီးတော့ သူတို့ဆီက ဖြေကြားချက်ကိုပြန်လည် ဖြေကြားပေးပါမယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ အခွင့်အရေးမဆုံးရှုံးရအောင် မိမိတို့ရဲ့မေးခွန်းများကို မေးမြန်းတဲ့နေရာမှာ စာနှင့်ရေးသားမေးထားတဲ့အတွက် လွှတ်တော်ထဲမှာလည်း စာနှင့်ရေးထားတဲ့အတိုင်းပဲမေးမြန်းဖို့ ပန်ကြားလွှာနှင့်တစ်မျိုး၊ နှုတ်နှင့်တစ်မျိုး တင်ပြခဲ့တာရှိပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဟာလည်း လွှတ်တော်ကိုယ်စားလှယ်တိုင်းမှာ မေးမြန်းဖို့အခွင့်အရေးကို မျှမျှတတရစေချင်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ ဒီနေ့မေးခွန်းပေါင်း ဒီတစ်ပတ်အတွက် ၁၀၀၀ ကျော်ရှိပါတယ်။ အဲ့ဒီ ၁၀၀၀ ကျော်က အခု ငါးပုံတစ်ပုံလောက်ပဲ ကျွန်တော်တို့ အဖြေပေးနိုင်တာရှိပါတယ်။ သာမန်ကြည့်မယ်ဆိုလို့ရှိရင် လွှတ်တော်အစည်းအဝေးမှာ ယခင်တုန်းက မေးခွန်း ၆ ခုပဲ ကျွန်တော်တို့ စီစဉ်ခဲ့ပါတယ်။ အခုတော့ မေးခွန်း ၁၀ ခုအထိ စီစဉ်ပေးပါတယ်။ ဒီလိုစီစဉ်ပေးခြင်းသည်လည်း ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်များ အခွင့်အရေးကို မျှမျှတတ ရစေချင်တဲ့အတွက်ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ပန်ကြားလွှာထဲမှာလည်း စာနှင့်ရေးသားမေးတဲ့အတိုင်းပဲ လွှတ်တော်မှာမေးမြန်းဖို့ဖြစ်ပါတယ်။ အခုဒီနေ့မေးမြန်းတဲ့နေရာမှာ စာထဲမှာပါတာအပြင် ထပ်ဆင့်ပြီးတော့ ပြောဆိုဆွေးနွေးတာရယ်၊ ပြီးတဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ကျန်တဲ့ကိစ္စတွေပါ ဒီထဲမှာဆွေးနွေးတဲ့အတွက် အချိန်လိုတာထက်ပိုပြီးတော့ သုံးလိုက်တဲ့အတွက် ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးကိုလည်း ဆုံးရှုံးစေနိုင်တာဖြစ်ပါတယ်။ သို့ရာတွင် မေးခွန်းမေးပါ။ မေးပြီးတဲ့အခါမှာ ခုနကလို ဖြေကြားမှုနဲ့ပတ်သက်လို့ မလုံလောက်သေးဘူး။ ထပ်ဆင့်ပြီးတော့သိလိုတယ်ဆိုလို့ရှိရင် ထပ်ဆင့်မေးခွင့်လည်းရှိပါတယ်။ သို့ရာတွင် မေးတဲ့နေရာမှာ တိုတိုနဲ့လိုရင်းစာထဲတင်ထားတဲ့အတိုင်း မေးဖို့လွှတ်တော်ကိုယ်စားလှယ်များကို ထပ်မံပန်ကြားပါတယ်။

**ကမ်းကြီးကျေးရွာမှ ကျွန်းစုမြို့ပေါ်သို့ ကုန်းလမ်းတစ်လမ်း ဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင့်။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါသည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကမ်းကြီးကျေးရွာမှ ကျွန်းစုမြို့ပေါ်သို့ ကုန်းလမ်းခရီးဖြင့်အဆင်ပြေစွာ သွားလာ

နိုင်ရေးအတွက် သီးခြားလမ်းတစ်လမ်းကို ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ၎င်းမေးခွန်းကို မေးမြန်းရခြင်းရဲ့အကြောင်းရင်းမှာ ကျွန်းစုမြို့က ၁၉၈၂ ခုနှစ်တွင် ယခင်မြိတ်အနောက်မြို့နယ်အနေနဲ့ စတင်တည်ထောင်ခဲ့ပြီး ကမ်းကြီးကျေးရွာနှင့် ကျွန်းစုမြို့နယ်ကို ရေကြောင်းခရီးလမ်းဖြင့်သာ သွားလာခဲ့ရပါတယ်။ သို့ရာတွင် ရေလမ်းခရီးမှာလည်း ရေတက်ရေကျ အချိန်များနှင့် သွားလာရေးဟာခက်ခဲတဲ့အတွက်ကြောင့် ကမ်းကြီးကျေးရွာမှ ကျွန်းစုမြို့ပေါ်သို့ ကုန်းလမ်းခရီးဖြင့် အချိန်မရွေးသွားလာနိုင်ရေးအတွက်ကို ကျွန်းစုမြို့ပေါ် ၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၅၂ ရွာမှာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် လုပ်အားပေးပြီး လမ်းတစ်လမ်းကိုဖောက်လုပ်ခဲ့ရာ ၁၉၉၃ ခုနှစ်တွင် ပြီးစီးအောင်မြင်ခဲ့သဖြင့် ကျွန်းစုမြို့ပေါ်သို့ ရွာသူရွာသားများသည် ခြေလျင်ခရီးဖြင့် တစ်ဖုံ၊ ဆိုင်ကယ်ဖြင့်တစ်မျိုး အရေးပေါ်ကိစ္စများတွင် အချိန်မရွေးလွယ်ကူစွာသွားလာနိုင်သည့် အတွက် စိတ်ချမ်းသာခဲ့ရပါတယ်။ သို့ရာတွင် ၁၉၉၃ ခုနှစ်မှာပင် တနင်္သာရီတိုင်းဒေသကြီး ရေတပ်ဌာနချုပ်မှ အဆိုပါကမ်းကြီးကျေးရွာရှိ မြေအချို့ကိုသိမ်းဆည်း၍ တပ်စခန်းဆောက်လုပ်ရာတွင် အဆိုပါလမ်းသည်လည်း တပ်ပိုင်ဧရိယာထဲသို့ ပါဝင်သွားခဲ့ပါသည်။ ယင်းသို့ပါဝင်သွားသည့်အတွက် ၎င်းကျေးရွာသူများက သာမန်အချိန်များတွင် ၎င်းလမ်းများကို ဖြတ်သန်းသွားလာ ခွင့်ရခဲ့ကြသော်လည်း ကျေးရွာများတွင် အရေးပေါ်ကိစ္စကြုံသည့်အချိန်နှင့် VIP လမ်းကြောင်းများ တိုက်ဆိုင်နေသည့်အခါတွင် ၎င်းလမ်းကို ပိတ်ဆို့ထားခြင်းဖြင့် ကျေးရွာသားများ သွားလာရေးအခက်အခဲများ တွေ့ခဲ့ကြပါတယ်။ သို့ပါ၍ ကမ်းကြီးကျေးရွာသားများအနေဖြင့် ကျွန်းစုမြို့ပေါ်သို့ လွတ်လပ်စွာ သွားလာနိုင်ရေး အတွက် ရေတပ်စခန်းကို ဖြတ်သန်းသွားလာမည့်အစား သီးခြားလမ်းတစ်လမ်းကို ဖောက်လုပ်ပေးစေလိုသည့် ဆန္ဒများရှိနေခဲ့ပါသည်။ သို့ပါ၍ အောက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခွင့်ပြုပါရန်ပန်ကြားအပ်ပါသည်။ ကျွန်းစုမြို့နယ် ကမ်းကြီးကျေးရွာကို ကုန်းလမ်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်မည့် သီးခြားလမ်းတစ်လမ်းကို ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အကယ်၍ ဖောက်လုပ်ပေးမည်ဆိုပါကလည်း မည်သည့်အချိန်တွင် ဖောက်လုပ်ပေးမည်ဆိုကြောင်းကို သိရှိလိုပါကြောင်း ကျေးရွာသားများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါသည်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်မှာ ကျွန်းစုမြို့နယ် ကမ်းကြီးကျေးရွာသည် အိမ်ခြေ ၂၀၆ အိမ်၊ လူဦးရေ ၁၁၀၅ ဦး နေထိုင်လျက်ရှိသော ကျေးရွာဖြစ်ပြီး ကျွန်းစုမြို့နှင့် ကမ်းကြီးကျေးရွာ ဆက်သွယ်သောလမ်းမှာ ၅ မိုင် ၁ ဖာလုံရှိပါတယ်။ အဆိုပါလမ်း၏ လက်ရှိအခြေအနေမှာ ကတ္တရာလမ်းဖြစ်ပါတယ်။ ကမ်းကြီးကျေးရွာမှ ရွာသူရွာသားများသည် တနင်္သာရီရေတပ်စခန်းဌာနချုပ်ပိုင် ဧရိယာအတွင်းရှိ ကျွန်းစု-ကမ်းကြီး ၁၂ ပေအကျယ် ကတ္တရာလမ်းမှ ကျွန်းစုမြို့သို့ ရာသီမရွေးသွားလာနေကြပါတယ်။ ကျွန်းစုမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် မြို့ပြလမ်း ကတ္တရာလမ်းခင်းခြင်း ၃.၅ ဖာလုံအား ခန့်မှန်းကုန်ကျငွေကျပ် ၁၂.၄၀၅ သန်း၊ မြို့ပြလမ်း ကျောက်ချောခင်း ၀.၇၇ ဖာလုံအား ခန့်မှန်းကုန်ကျငွေကျပ် ၃.၇၆၅ သန်း၊ မြို့ပြရေပေးရေးလုပ်ငန်းကို ခန့်မှန်းကုန်ကျငွေကျပ် ၅.၂၀ သန်း စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ် ၂၁.၂၉ သန်းဖြင့် လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်လမ်းလုပ်ငန်း၊ ကမ်းကြီး-ပြင်းထက်အော်လမ်း ကျောက်ချောခင်းခြင်း ၄ ဖာလုံအား ခန့်မှန်းကုန်ကျငွေကျပ် ၂၆.၉၇၄ သန်း၊ ကျေးလက်ရေပေးရေးလုပ်ငန်း လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ၃ တွင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၂ သန်း၊ စုစုပေါင်း ၃၈.၉၇၄ သန်းဖြင့် ဆောင်ရွက်ပေးရန် လျာထားပြီးဖြစ်ပါတယ်။ မေးမြန်းချက်ပါကမ်းကြီးကျေးရွာမှ ကျွန်းစုမြို့သို့လမ်းအသစ်ဖောက်လုပ်ရန်အတွက် လမ်းကြောင်းအနေအထားအား မြေပုံအထောက်အထားများအရ တနင်္သာရီရေတပ်စခန်းဌာနချုပ် တပ်ပိုင်ဧရိယာအတွင်း ကမ်းခြေတစ်လျှောက်မှ ဖြတ်သန်းဖောက်လုပ်ရမည်ဖြစ်ပြီး တခြားရွေးချယ်ရန် လမ်းကြောင်းလည်း မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ အဆိုပါလမ်းအားဖောက်လုပ်မည်ဆိုပါက အမှတ်(၁) ရပ်ကွက်ကမ်းခြေမှ ကမ်းကြီးကျေးရွာ ကမ်းခြေအထိ အရှည် ၈ မိုင်ခန့်ရှိကြောင်းတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ကျွန်းစုမြို့မှ ကျွန်းစု-ကမ်းကြီးကျေးရွာလမ်းဟောင်းရှိပြီးဖြစ်သည့်အပြင် လမ်းအသစ်ဖောက်လုပ်ရာတွင် တပ်ပိုင်မြေအတွင်းမှသာ ဖောက်လုပ်ရမည်ဖြစ်သဖြင့် လမ်းအသစ်ထပ်မံဖောက်လုပ်ရန် မသင့်ပါကြောင်းနှင့် ဖောက်လုပ်ရန်အစီအစဉ်မရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြဖြေကြားအပ်ပါသည်။

**ဟိုပန်မြို့နယ်ရှိ ခုတင် ၅၀ ဆံ့ဆေးရုံကြီးတွင်လက်ထောက် ဆရာဝန်များနှင့် လူနာတင်ယာဉ်တစ်စီး ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျင်ဝမ်း(ဟိုပန်မဲဆန္ဒနယ်)**။ ။ လေးစားပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သ ဂါရဝပြု

အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟိုပန်မြို့ရှိ ခုတင် ၅၀ ဆံ့ဆေးရုံကြီးသည် လိုအပ်တဲ့ဆရာဝန်များ ခန့်အပ်ပေးနိုင်ပါရန်နှင့် လူနာတင်ယာဉ်တစ်စီး ပံ့ပိုးပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့မေးခွန်းများကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့တွင် ယခင်က ၁၆ ခုတင်ဆံ့ဆေးရုံ၌ မြို့နယ်ဆရာဝန်တစ်ဦးနှင့် လက်ထောက်ဆရာဝန်တစ်ဦး ခန့်အပ်ထားပါတယ်။ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အဆိုပါလက်ထောက်ဆရာဝန် ပြောင်းရွှေ့သွားချိန်မှာ ယနေ့အထိအစားထိုးခန့်အပ်ထားခြင်း မရှိခဲ့ပါ။ အထူးသဖြင့် အဆိုပါ ၁၆ ခုတင်ဆံ့ဆေးရုံကို ၂၈-၆-၂၀၁၂ နေ့ရက်မှစ၍ ခုတင် ၅၀ ဆံ့ဆေးရုံကြီးအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ သို့သော်လည်း ခုတင် ၅၀ ဆံ့ဆေးရုံကြီးတွင် ဖွဲ့စည်းပုံအရလိုအပ်တဲ့ ဆရာဝန်များကို တိုးချဲ့ခန့်အပ်ထားခြင်းမရှိပဲ ယခင်မြို့နယ်ဆရာဝန်တစ်ဦးသာ မြို့နယ်လူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်နေရသည်မှာ အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။ ဟိုပန်ဆေးရုံသည် မြို့နယ်အတွင်းရှိ လူထုသာမကပဲ နယ်စပ်ဒေသနှင့် ဝအထူးဒေသရှိ လူထုတို့က လာရောက်ဆေးဝါးကုသသဖြင့် လက်ရှိဆရာဝန်တစ်ဦးရဲ့ အင်အားနဲ့ လုံလောက်မှုမရှိတော့ပါ။ ဒါကြောင့် ခုတင် ၅၀ ဆံ့ဆေးရုံ၏ဖွဲ့စည်းပုံအရ လိုအပ်တဲ့ဆရာဝန်များကို ခန့်အပ်ပေးစေလိုပါတယ်။ ၎င်းအပြင် ဟိုပန်မြို့နယ်သည်ကျေးရွာအုပ်စုအတွင်းရှိ အရေးပေါ်လူနာများ ကျန်းမာရေးစောင့်ရှောက်မှု ပြုတဲ့အချိန်တွင်လည်းကောင်း၊ အခြားမြို့နယ်များသို့ အရေးပေါ်လူနာများ ဆက်လက်ပို့ဆောင်ပေးရန် လိုအပ်တဲ့အချိန်တွင်လည်းကောင်း အရေးပေါ်လူနာတင်ယာဉ်တစ်စီး အမှန်တကယ်လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မြို့နယ်လူထုကျန်းမာရေးစောင့်ရှောက်မှုအတွက် အောက်ပါမေးခွန်းများကို မေးမြန်းမှာဖြစ်ပါတယ်။ မေးခွန်း (၁) ဟိုပန်မြို့ရှိ ခုတင် ၅၀ ဆံ့ဆေးရုံကြီးတွင် လိုအပ်တဲ့ဆရာဝန်များခန့်အပ်ပေးနိုင်ပါရန်နှင့် မေးခွန်း(၂) ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံ၌ လိုအပ်တဲ့အရေးပေါ်လူနာတင်ယာဉ်တစ်စီး ပံ့ပိုးပေးနိုင်ပါရန် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လောင်းချောင်းကျေးရွာ၌ တိုက်နယ်ဆေးရုံ တစ်ရုံဖွင့် လှစ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်ရှင်။

ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ရခိုင်ပြည်နယ်ဟာ မြစ်၊ ချောင်းများပေါ်များပြီး ရေလမ်းကိုသာ အဓိကအားထားနေရတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ မိုးရာသီဆိုရင်လည်း အလွန်တရာမှ မိုးများတဲ့အတွက် ရာသီဥတုရဲ့ဆိုးဝါးမှုကို အခံရဆုံးဒေသတစ်ခုဖြစ်ပါတယ်။ နောက်ပြီးတော့ ရသေ့တောင်မြို့ဟာဆိုလို့ရှိရင် အခြားသောမြို့များနဲ့သော်လည်းကောင်း၊ မြို့အတွင်းထဲမှာသော်လည်း ကောင်းကားလမ်းလုံးဝမရှိတဲ့ နေရာတစ်ခုဖြစ်ပါတယ်ရှင်။ ဒီလိုလမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ အတွက် ကျေးလက်ဒေသများမှာ နေထိုင်တဲ့ပြည်သူများဟာ ကလေးမွေးဖွားရန်နှင့် အရေးပေါ်ကျန်း မာရေးပြဿနာ ကြုံတွေ့လာရလို့ရှိရင် မြို့ပေါ်ကိုအချိန်မီမရောက်နိုင်တဲ့အတွက် အသက်ဆုံးရှုံးမှုများ ရှိနေတာကို စိတ်မကောင်းစွာနဲ့ တွေ့မြင်နေရပါတယ်ရှင်။ မြို့နယ်အတွင်းမှာ စေတီပြင်တိုက်နယ် ဆေးရုံတစ်ခုသာရှိသော်လည်း ရသေ့တောင်မြို့မြောက်ဘက်အစွန်းမှာ ရှိပြီးတော့ လောင်းချောင်း ကျေးရွာမှာ ရသေ့တောင်၏တောင်ဘက်စွန်းမှာ ရှိနေပါတယ်။ အဲ့ဒီအတွက်ကြောင့် သွားရေးလာရေး ဟာ အလွန်တရာမှ ခက်ခဲမှုတွေရှိပါတယ်။ လောင်းချောင်းကျေးရွာမှာ ရသေ့တောင်မြို့နဲ့ ၁၂ မိုင်ကွာဝေးပြီးတော့ စေတီပြင်ကျေးရွာနှင့် မိုင် ၂၀ ခန့်ဝေးပါတယ်။ လောင်းချောင်းတိုက်နယ်မှာ ကျေးရွာပေါင်း ၂၆ ရွာရှိပြီး လူဦးရေ ၃၀၀၀၀ ခန့်ရှိပါတယ်။ အနီးအနားပတ်ဝန်းကျင်ရှိတဲ့ ကျေးရွာများမှလည်း လောင်းချောင်းကျေးရွာရှိ ကျန်းမာရေးဌာနကိုသာ အားကိုးအားထားပြုနေ ကြရပါတယ်။ ဒါကြောင့်မို့ လို့လောင်းချောင်းကျေးရွာ ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးခဲ့ရင် ဒေသကျန်းမာရေးစောင့်ရှောက်မှုအတွက် အထောက်အကူဖြစ်သွားမှာ အမှန်ပဲဖြစ်ပါ တယ်ရှင်။

ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ယခုအခါမှာလည်း မြို့ပြနဲ့ကျေးလက် ကျန်းမာရေး စောင့်ရှောက်မှု ကွာဟချက်နည်းပါးရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးနေသည်ကို သိရသဖြင့် လွန်စွာအားရကျေနပ်မိပါတယ်ရှင်။ ဒါကြောင့် ကျွန်မတို့မြို့နယ်အတွင်း ကျန်းမာရေးအတွက် အခက် အခဲဖြစ်နေကြတဲ့ ကျွန်မရဲ့မဲဆန္ဒရှင်ဒေသခံပြည်သူများအား ထောက်ထားညှာတာစွာဖြင့် လောင်း ချောင်းကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ် ဆင့် မေတ္တာရပ်ခံတင်ပြအပ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ ရသေ့တောင်မြို့၏ အကြီးဆုံးနဲ့အချက်အခြာ အကျဆုံး လောင်းချောင်းတိုက်နယ်၊ လောင်းချောင်းကျေးရွာအတွက် တိုက်နယ်ဆေးရုံဖွင့်လှစ်ပေးရန် ခွင့်ပြုနိုင်ခြင်းရှိ/မရှိကိုသိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ကိုယ်စားလှယ် ၂ ဦး မေးမြန်းတဲ့အပေါ် ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာသိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားတော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနနှင့် စပ်လျဉ်းသောမေးခွန်းများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး မှဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ဟိုပန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျင်ဝမ်း၏မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်၊ ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန်တစ်ဦးအား ကျန်းမာရေးဝန်ကြီးဌာန၏ ၁၂-၇-၂၀၁၃ ရက်စွဲပါစာဖြင့် ခန့်ထားပြီးဖြစ်ပါတယ်။ ထပ်မံ၍ လက်ထောက်ဆရာဝန်အင်အားခန့်ထားရန် ရရှိလာသည့်အခါတွင် ဦးစားပေးအစီအစဉ်ဖြင့် ထပ်မံခန့်ထားရန်လည်း စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံအတွက် နာဂစ်မုန်တိုင်းကာလတွင် နိုင်ငံတကာဆေးအဖွဲ့က အသုံးပြုပြီး လှူဒါန်းခဲ့ပြီး ပြုပြင်ထားပြီးဖြစ်သည့် လူနာတင်ယာဉ်တစ်စီးအား ထောက်ပံ့မည်ဖြစ်ပါသဖြင့် ကျန်းမာရေးဦးစီးဌာနသို့လာရောက်ထုတ်ယူပါရန် ၁၅-၇-၂၀၁၃ ရက်စွဲပါစာဖြင့် တွဲဖက်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး၊ ရှမ်းပြည်နယ်၊ လားရှိုးမြို့သို့ အကြောင်းကြားပြီးဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။

ဆက်လက်၍ ရခိုင်ပြည်နယ် ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသည် စီမံကိန်းရည်မှန်းချက်များအရ ရခိုင်ပြည်နယ်၌ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် သံတွဲမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ် အသီးသီးတွင်စုစုပေါင်းတိုက်နယ်ဆေးရုံ ၃ ရုံ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အမ်းမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ မုစေးကျွန်းတိုက်နယ်ဆေးရုံ စုစုပေါင်းတိုက်နယ်ဆေးရုံ ၃ ရုံ တို့ အသစ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် ဝန်ထမ်းအင်အားဖွဲ့စည်းပုံခွင့်ပြုချက်ရရှိရေး ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရသေ့တောင်မြို့နယ်၊ လောင်းချောင်းကျေးရွာတွင် တိုက်နယ်ဆေးရုံဖွင့်လှစ်နိုင်ရန် ဝန်ထမ်းအင်အားဖွဲ့စည်းပုံခွင့်ပြုချက်ရရှိရေးအတွက် ၂၀၁၅-၂၀၁၆ ၊ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၅-၂၀၁၆

ဘဏ္ဍာရေးနှစ်မတိုင်မီ ပြည်တွင်းပြည်ပသီးခြားရန်ပုံငွေ အစီအစဉ်များရရှိပါက ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှိသေလေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။ (ဩဘာသံများ)

**ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ဖြစ်ထွန်းပေါ်ပေါက်လာမည့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ မည်ကဲ့သို့ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(အရာတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အရာတော်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဖြစ်ပါတယ်။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်းရဲ့ကိုယ်စား မေးခွန်းမေးမြန်းပေးမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ကျန်းမာရေးဦးစီးဌာန၊ ဆေးသိပ္ပံဦးစီးဌာန၊ ကျန်းမာရေးစီမံကိန်းဌာန အစရှိသော တာဝန်ရှိဦးစီးဌာနများသည် ကျန်းမာရေးနှင့်သက်ဆိုင်သော လွှတ်တော်ကော်မတီများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ပုဂ္ဂလိကဆေးရုံလုပ်ငန်းပိုင်ရှင်များ၊ မြန်မာနိုင်ငံသူနာပြုအသင်းများအပြင် နီးနွယ်မှုရှိသည့် အသင်းအဖွဲ့များပါမကျန် ဖိတ်ခေါ်၍ ကျန်းမာရေးအာမခံကိစ္စ၊ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်တိုးပွားရေးကိစ္စ၊ နိုင်ငံခြားရောက်မြန်မာဆေးပညာရှင်များ အင်အားရယူခြင်းကိစ္စ၊ ပြည်သူများအတွက် ဆေးကုသမှုဆိုင်ရာ အခွင့်အရေးများ၊ ဆေးဘက်ပညာရှင်များအတွက် ဆေးကုသမှုကျင့်ဝတ်၊ စည်းကမ်းကိစ္စများစသည်များကို အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး လိုအပ်သော ဥပဒေများဖြည့်စွက်ပြဋ္ဌာန်းနိုင်ရန် လွှတ်တော်သို့တင်ပြခြင်း၊ မူဝါဒများချမှတ်ခြင်းများ အထူးလိုအပ်လျက်ရှိရာ ထိုကဲ့သို့သော အစီအမံများဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။

[ဒေါက်တာအောင်သန်း၊ ရွှေဘိုမဲဆန္ဒနယ်ကိုယ်စား ဦးကျော်မြင့်၊ အရာတော်မဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဒေါက်တာအောင်သန်း၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူတို့အား ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကိုအခြေခံပြီး လူတိုင်းအား ကျန်းမာရေးစောင့်ရှောက်မှုကို အရည်အသွေးပြည့်ဝစွာဖြင့် ဆောင်ရွက်ပေးနိုင်ရန်အတွက် အမျိုးသားကျန်းမာရေးမူဝါဒများချမှတ်၍ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါတယ်။ ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ ဖြစ်ထွန်းပေါ်ပေါက် လာမည့် ပုဂ္ဂလိကလုပ်ငန်းများနှင့်စပ်လျဉ်း၍ ယခုလက်ရှိအခြေအနေတွင် ပုဂ္ဂလိကဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်/သူနာပြု/ကျွမ်းကျင်ဝန်ထမ်းအများစုသည် ပြည်သူ့ဆေးရုံကြီး များမှဖြစ်နေသဖြင့် ပုဂ္ဂလိကလုပ်ငန်းများမှ လိုအပ်သည့်အချိန်တွင် လိုအပ်သလို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် အခက်အခဲများရှိနေပါတယ်။ အဆိုပါ ပြဿနာများ ဖြေရှင်းနိုင်ရေးအတွက် ပုဂ္ဂလိကဆေးရုံများမှာ အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်မည့် တာဝန်ကျ ဆရာဝန်/အထူးကု ဆရာဝန် ကြီးများ (residential medical officer/residential specialist) အား ပုဂ္ဂလိက ဆေးရုံများ၌ တိုးတက်မွေးထုတ်နိုင်ရေးကို တွန်းအားပေးမှာကြား ဆောင်ရွက်လျက်ရှိပါတယ်။ သူနာပြုများ၏ သူနာပြုစုမှုအရည်အသွေး တိုးတက်လာစေရန်အတွက်လည်း ပုဂ္ဂလိကဆေးရုံများ၌ ဒီပလိုမာ/ဘွဲ့ရ သူနာပြုများသာ တာဝန်ချထားဆောင်ရွက်ရန် သူနာပြုများအစား အကူသူနာပြုများအား သူနာပြု အဆင့် တာဝန်ပေးခြင်းမပြုရန် ညွှန်ကြားကြီးကြပ် ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ ဆေးဘက် ကျွမ်းကျင်(ဓာတ်ခွဲ)၊ (ဆေးဝါး)၊ (ဓာတ်မှန်)၊ (အကြော) အစရှိသည့်ဝန်ထမ်းများကိုလည်း သက်ဆိုင်ရာ လုပ်ငန်းအလိုက် ခန့်ထားဆောင်ရွက်ရန်၊ အထူးသဖြင့် ပုဂ္ဂလိကဆေးရုံများရှိ ဆေးဆိုင်တာဝန်ခံများ အနေဖြင့် ဆေးဝါးတက္ကသိုလ်ဘွဲ့ရဖြစ်ရန်မှအစ ညွှန်ကြား ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ သွေး နှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေကို လိုက်နာဆောင်ရွက်စေရန်နှင့် ပုဂ္ဂလိကကဏ္ဍတွင် အရေးပေါ် သွေးသွင်းရမည့် လိုအပ်ချက်များ ဖြည့်ဆည်းနိုင်စေရန်အတွက် ပုဂ္ဂလိကသွေးဘဏ်ကို ဥပဒေနှင့်အညီ တည်ထောင်ဖွင့်လှစ်ခွင့်ပြုနိုင်ရေးအတွက် သွေးနှင့် သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် (မူကြမ်း)ကိုလည်း ရေးဆွဲလျက်ရှိပါတယ်။ ဥပဒေပြင်ဆင်ပြီးပါက လူနာအားကုသရန်အလို့ငှာ သွေး နှင့်သွေးပစ္စည်းသိုလှောင်ခြင်း၊ ထုတ်ပေးခြင်းနှင့် စွန့်ပစ်ခြင်းလုပ်ငန်းများကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပုဂ္ဂလိကသွေးဘဏ်ကို တည်ထောင်ဖွင့်လှစ်ဆောင်ရွက်နိုင်မှာဖြစ်ပါ တယ်။ ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ခြင်းကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၈-၆-၂၀၁၃ ရက်နေ့ တွင် ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၄) ဖြင့် ပြဋ္ဌာန်း

နိုင်ခဲ့ပြီး ဆက်လက်၍ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ နည်းဥပဒေများကိုလည်း ရေးဆွဲလျက်ရှိပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ဆေးကုသမှုကဏ္ဍနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ဆောင်မှုကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့်ဆေးရုံ/ဆေးခန်းများတွင် နိုင်ငံခြားနှင့်နိုင်ငံသားထည့်ဝင်မှု ၇၀း၃၀ အချိုးထိသာ လက်ခံဆောင်ရွက်မည် ဖြစ်ပါသဖြင့် အဆိုပါလုပ်ငန်းများတွင် နိုင်ငံသားကျန်းမာရေး စောင့်ရှောက်မှုပေးသူများ ဖြစ်သည့် ဆရာဝန်/သူနာပြု/ကျွမ်းကျင်ဝန်ထမ်းများ၏ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ အစိုးရ/ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍသည် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေတွင်လွှမ်းခြုံမှုများပြားပြီး ရောဂါကာကွယ်ရေး၊ ကုသရေး၊ ပြန်လည်ထူထောင်ရေး စသည့်ကဏ္ဍအသီးသီးကိုလည်း ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆေးရုံ/ဆေးခန်းများ ပေါ်ထွန်းလာသည့်တိုင် ဆက်လက်အရေးပါနေ မှာဖြစ်ပါတယ်။ အစိုးရ/ပုဂ္ဂလိက ဆောင်ရွက်ဆဲလူအရင်းအမြစ်၊ ပစ္စည်းအရင်းအမြစ်၊ နည်းပညာအရင်းအမြစ် ဖြည့်တင်းခြင်းလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ခြင်းအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးအာမခံစနစ်နှင့် စပ်လျဉ်း၍ ဆင်းရဲနွမ်းပါးသူများအတွက် မြို့နယ်အခြေပြု လူမှုကျန်းမာရေးအာမခံ (social health protection) စနစ် အစပျိုးဆောင်ရွက်နိုင်ရန်အတွက် စမ်းသပ်မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားအဆင့်ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသခွင့် လုံခြုံရေးစီမံကိန်းတစ်ရပ်ထူထောင်ရာတွင် နိုင်ငံတော်၏စီးပွားရေးအခြေအနေ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာစွမ်းရည် စီမံကိန်းအတွက် အခွန်ဘဏ္ဍာငွေကောက်ခံရရှိမှု အခြေအနေ နိုင်ငံအတွင်း အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှု အခြေအနေ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မှု အခြေခံအဆောက်အအုံ စသည့်အခြေခံလိုအပ်ချက်များကို စိစစ်သုံးသပ်၍ ဆောင်ရွက်လျက်ရှိပါတယ်။

ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်တိုးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအနေဖြင့် ဆေးဘက်နှင့် ဆေးဘက်ဆိုင်ရာတက္ကသိုလ် စုစုပေါင်း ၁၄ ခုနှင့် သူနာပြုနှင့် သူနာပြုသင်တန်းကျောင်း ၂၃ ခု၊ သားဖွားသင်တန်းကျောင်း ၂၀ ခု၊ သူနာပြုနှီးနွယ်ကွင်းဆင်းလေ့ကျင့် သင်တန်းကျောင်း ၃ ခုတို့မှ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံဆေးပညာနှင့် ဆေးပညာနှီးနွယ်ဘွဲ့ ဒီပလိုမာ၊ လက်မှတ်များဆိုင်ရာ ဥပဒေမူကြမ်းကိုလည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းတိုင်ပင်ရေးဆွဲလျက်ရှိပြီး ပြည်သူ့လွှတ်တော်သို့ တင်ပြ၍ အတည်ပြုပြဋ္ဌာန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံခြားရောက် မြန်မာဆေးပညာရှင်များ အင်အားရယူခြင်းကိစ္စနှင့် ပတ်သက်၍လည်း နိုင်ငံခြားရောက် မြန်မာဆေးပညာရှင်များ အင်အားရယူခြင်းအတွက် နိုင်ငံခြားတိုင်းပြည်များရှိ ဆေးတက္ကသိုလ်များတွင် အမ်ဘီဘီအက်စ်နှင့် အလားတူဘွဲ့ရရှိသူများအား မြန်မာနိုင်ငံဆေးကောင်စီတွင် မှတ်ပုံတင်ခွင့်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်က တိုးမြှင့်ရရှိလာသော ဆေးဝါးဝယ်ယူရန် ရန်ပုံငွေကျပ် ၇၃.၂၆ ဘီလီယံကိုအသုံးပြုလျက် ကျန်းမာရေးဦးစီးဌာန၏လက်အောက်ရှိ ဗဟိုဆေးသိုလှောင်ရေးဌာနမှတစ်ဆင့် ပုံမှန်ဖြန့်ဖြူးလျက်ရှိသော ဆေးဝါးများကို ပြည်နယ်/တိုင်းဒေသကြီးကျေးလက်များအထိ အဆင့်ဆင့်ခွဲဝေချထား၍ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ် အတွက်လည်း ဆေးဝါးများဝယ်ယူရန် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၂၀ ဘီလီယံသုံးစွဲ၍ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။လိုအပ်သော ဥပဒေဖြည့်စွက် ပြဋ္ဌာန်းနိုင်ရန်နှင့် မူဝါဒချမှတ်ခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ရန် အမျိုးသားကျန်းမာရေးမူဝါဒများကိုချမှတ်၍ စီမံကိန်းများရေးဆွဲပြီး အကောင်အထည်ဖော်လျက်ရှိပါတယ်။

ထို့အပြင်၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေးအမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကို မျိုးဆက် ၄ ဆက်ပါဝင်သော ဆေးပညာရှင်ကြီးများအပြင် ကျန်းမာရေးလုပ်ငန်းများနှင့် နှီးနွယ် လျက်ရှိသည့် မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆေးကောင်စီ၊ မြန်မာနိုင်ငံပုဂ္ဂလိက ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံလက်ထောက် ကျန်းမာရေးမှူးများအသင်း၊ သူနာပြုနှင့် သားဖွားအသင်းနှင့် ပြည်သူတို့၏ ကိုယ်စားလှယ်အသီးသီးပါဝင်သည့် အလုပ်ရုံ ဆွေးနွေးပွဲတစ်ရပ်အားလည်း ကျင်းပခဲ့ပြီး အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားသည့် ကဏ္ဍကြီးများအပါအဝင် ကဏ္ဍကြီးစုစုပေါင်း ၆ ရပ်ဖြင့်အလုပ်ရုံဆွေးနွေးပွဲမှ ထောက်ခံအကြံပြုချက်များကို ယနေ့ လက်ရှိကျန်းမာရေးစနစ်တွင် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းပါကဏ္ဍများအလိုက် ဆောင်ရွက်ဆဲလုပ်ငန်း

များရှိပြီးဖြစ်ကာ ဆက်လက်ဆောင်ရွက်လျက်လည်းရှိနေပါသဖြင့် လက်ရှိအခြေအနေတွင် လိုအပ်သောဥပဒေများ ဖြည့်စွက်ပြဋ္ဌာန်းနိုင်ရေးနှင့် မူဝါဒများချမှတ်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပရန် အစီအစဉ်မရှိသေးပါကြောင်း သို့ရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ပြည်သူ၏လိုအပ်ချက်များအရ**Deliviary** Unit များဖွဲ့စည်းကာ ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့သွားရောက်၍ ဒေသအစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကိုဖော်ထုတ်တင်ပြမည့် မြို့မိမြို့ဖနှင့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဆွေးနွေးညှိနှိုင်းပြီး အခြေခံမှစ၍ ညှိနှိုင်းရေးဆွဲသော Bottom Up အစီအစဉ်များလည်းရေးဆွဲဆောင်ရွက်ရန်စတင်နေပြီဖြစ်ပါတယ်။ ယခုကဲ့သို့ ညှိနှိုင်းပြီးစီမံချက်များ ပြုစုပြီးသည့်အချိန်တွင် လွှတ်တော်၏ကျန်းမာရေး အဆင့်မြှင့်တင်ရေးကော်မတီနှင့် အခြားကျန်းမာရေးဆိုင်ရာ ကော်မတီအသီးသီးသို့တင်ပြအကြံဉာဏ်များရယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဆင်ပေါင်ဝဲမြို့နယ်ရှိ ယိုယွင်းပျက်စီးနေသော ပြည်သူ့ဆေးရုံအဆောက်အဦကို အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဌေးမောင်(ဆောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင် ဖြစ်ပါတယ်။ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ကိုယ်စား မေးမြန်းမှာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်ဟာ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း ရန်ကုန်-ပြည်-မကွေး ပြည်ထောင်စုလမ်းမကြီးနှင့် ၁၇ မိုင် ခန့်အကွာ အတွင်းဘက်မှာ တည်ရှိကာ လူဦးရေ ၁၅၀၀၀၀ ကျေးရွာပေါင်း ၁၃၈ ရွာရှိပြီးမှ ချောင်ကျခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ခေတ်အဆက်ဆက် ပြောင်းလဲခဲ့သော်လည်း တိုးတက်မှုမရှိခဲ့ပါ။ ဆင်ပေါင်ဝဲမြို့နယ်ရဲ့ ပြည်သူ့ဆေးရုံကြီးဟာဆိုရင် တည်ဆောက်ခဲ့တာနှစ်ပေါင်း ၆၀ ကျော်ကြာခဲ့သဖြင့် များစွာဟောင်းနွမ်းပျက်စီးလျက်ရှိပါတယ်။ မကွေးတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာနမှူးရဲ့ ၂၃-၆-၂၀၁၃ ခရီးစဉ်မှာ မြို့နယ်ဆရာဝန်ကြီးသို့ အောက်ပါအတိုင်းလမ်းညွှန်ခဲ့ကြောင်းသိရှိရပါတယ်။ (က) မြို့နယ်ပြည်သူ့ဆေးရုံမိုးယိုနေခြင်းအား အသစ်ပြန်လည်မိုးရန်၊ (ခ) ခွဲစိတ်ဆောင်အား Standard Theatre တစ်ခုအဖြစ်တည်ဆောက်ရန်၊ (ဂ) စကြံလမ်းကွဲအက်နေခြင်းအား အသစ်ပြန်လည်ပြင်ဆင်ရန်နှင့် စကြံနှင့်ဝရန်တာများကို အသစ်ပြန်လည်ကာရန်၊

(ဃ) မြို့နယ်ဆေးရုံအားဆေးသုတ်ရန်၊ (င) အမျိုးသမီးလူနာဆောင် နံရံကွဲနေခြင်းနှင့် ပြတင်းပေါက်များပျက်စီးနေခြင်းကို ပြင်ဆင်ရန်၊ အထက်ဖော်ပြပါအချက်များကို ကြည့်ခြင်းအားဖြင့် ဒီဆင်ပေါင်ဝဲဆေးရုံကြီးကို အကြီးစားပြင်ဆင်မွမ်းမံမယ့်အစား အသစ်ပြန်လည်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ဖော်ပြပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ (က) အစစအရာရာယိုယွင်းပျက်စီးနေသော ဆင်ပေါင်ဝဲမြို့နယ်ပြည်သူ့ဆေးရုံ အဆောက်အဦကို နိုင်ငံတော်မှ အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ (ခ) အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါကြောင်း လေးစားစွာမေးမြန်း အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

[ဦးအေးနိုင်၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်ကိုယ်စား ဦးငွေမောင်၊ ဆောမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**လှိုင်သာယာမြို့နယ်ရှိ ၂၅ ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံအား ခုတင် ၅၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဉာဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝ ပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လှိုင်သာယာမြို့နယ်ရဲ့ ကျန်းမာရေးကဏ္ဍနဲ့ပတ်သက်တဲ့ မေးခွန်းကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လှိုင်သာယာမြို့နယ်ရှိ ပြည်သူ့ဆေးရုံကို ၁၉၉၀ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး လူနာကုသဆောင် ၅ ဆောင်ရှိတဲ့ ၂၅ ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ ဖြစ်ပါတယ်။ ဆေးရုံတွင် ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်းများရှိပြီး ယင်းအခန်းများတွင် လိုအပ်သည့်ပစ္စည်းများ ပြည့်စုံသည့်အပြင် ဆရာဝန်/သူနာပြုနဲ့ ဝန်ထမ်းအင်အားလည်း လုံလောက်မှုရှိပါတယ်။ လှိုင်သာယာမြို့နယ်တွင် လူဦးရေ ၄ သိန်း ကျော်ခန့်နေထိုင်လျက်ရှိပြီး လူဦးရေထူထပ်သိပ်သည်းသည့် မြို့နယ်ဖြစ်သည့်အပြင် လှိုင်သာယာမြို့နယ်နှင့် ထိစပ်လျက်ရှိသည့် ထန်းတပင်မြို့နယ်နှင့် တွံတေးမြို့နယ်များရှိ ကျေးရွာများမှလည်း ၎င်းတို့မြို့နယ်များရှိ ပြည်သူ့ဆေးရုံများထက်ခရီးပိုနီးသည့်အပြင် သွားလာရေးအဆင်ပြေလွယ်ကူသောကြောင့် လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံ

သို့ လာရောက်ကုသကြသဖြင့် တစ်ခါတရံတွင် တက်ရောက်ကုသသည့် လူနာနှင့် ခုတင်မလုံမလောက် ဖြစ်သည့်အခြေနေမျိုးနှင့် ကြုံတွေ့ရသဖြင့် ယင်းအခြေအနေမျိုးမှ ကင်းဝေးစေရန်နှင့် အနီးရှိ မြို့နယ်များမှ ရောဂါဝေဒနာရှင်ပြည်သူများ၊ တက်ရောက်ကုသနိုင်ရေးအတွက် လိုအပ်သည့်လူနာ ကုသဆောင်၊ ဆရာဝန်/သူနာပြု/ဝန်ထမ်းအင်အား/ ဆေးဝါးနှင့် လိုအပ်သည့်ပစ္စည်းကိရိယာများ ထပ်မံဖြည့်ဆည်း ပြီး ခုတင် ၅၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဖြေကြားပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများရဲ့ကိုယ်စား လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦး၏ မေးမြန်းမှုကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ပေါင်းစည်းပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးနိုင်၏ မေးခွန်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံ အဆောက်အဦကို အသစ်တည်ဆောက်ပေးရေးအတွက် ကျန်းမာရေးဦးစီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံး ငွေရင်းအသုံးစရိတ်တွင် လျာထားတင်ပြပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**ဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ဆက်လက်၍ လှိုင်သာယာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၏ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံသစ် ဖွင့်လှစ်ခြင်း၊ ဆေးရုံခုတင် အဆင့်မြှင့်တင်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ အသစ်ဖွင့်လှစ် ခြင်းတို့ကို စီမံကိန်းနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ မြို့နယ် ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံသည် ဝန်ထမ်းအင်အား လုံလောက်မှုရှိသော်လည်း လူဦး ရေထူထပ် သိပ်သည်းသည့် မြို့နယ်ဖြစ်ပါသဖြင့် ခုတင် ၅၀ ဆံ့ မြို့နယ် ပြည်သူ့ဆေးရုံအဖြစ် အဆင့် တိုးမြှင့်

ပေးနိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှအတည်ပြုချက်ဖြင့်ပေးပို့သော ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီကအစီရင်ခံစာတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှစတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့်ပေးပို့လာသော ရှေးဦးကလေးသူငယ်များ ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကအစီအရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီအရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးသောင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသောင်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏လေ့လာစိစစ်ချက်အစီရင်ခံစာကိုတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့လာသော ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင်စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် အမျိုးသားလွှတ်တော်က ၇-၈-၂၀၁၃ ရက်နေ့စွဲပါစာအမှတ်၊ အမ/ကမတ-၁/၁/၂၀၁၃-၁၀၈ ဖြင့်ပေးပို့လာပါသည်။

၂။ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်း၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများက ဖွင့်လှစ်၍ဆောင်ရွက်လျက်ရှိသော နေ့ကလေးထိန်းဌာနများနှင့် မူလတန်းကြိုကျောင်းများရှိ ရှေးဦးကလေးသူငယ်များအား အသက်အရွယ်အလိုက် ဘက်စုံဖွံ့ဖြိုးမှုရရှိရေးအတွက် မှန်ကန်သော ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနည်းစနစ်များဖြင့် ပြုစုပျိုးထောင်နိုင်ရန် ရှေးဦးကလေး

သူငယ်များဖွံ့ဖြိုးရေးဆိုင်ရာစံနှုန်းများနဲ့အညီ စနစ်တကျကြီးကြပ်နိုင်ရန် နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာအကူအညီများပေးနိုင်ရန် တို့ဖြစ်ပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးပေးပို့လာသော ဥပဒေကြမ်းကို လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နဲ့ ၁၉-၈-၂၀၁၃ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နဲ့အညီ လေ့လာစိစစ်ခဲ့ကြပါသည်။

၄။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်း၌ မူလဥပဒေကြမ်းတွင် နိဒါန်းနှင့် အခန်း ၉ ခန်း၊ ပုဒ်မပေါင်း ၃၃ ခုဖြင့်ရေးဆွဲထားသည်ကိုတွေ့ရှိပါတယ်။

၅။ ဤဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဥပဒေကြမ်း၏နိဒါန်းနှင့် အခန်းအမှတ်စဉ်များ၊ ဥပဒေပုဒ်မ၊ ပုဒ်မခွဲများအပါအဝင် ပြင်ဆင်ချက် ၃၁ ချက်ဖြင့်အတည်ပြုခဲ့ပါသည်။

၆။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ (က) ဥပဒေကြမ်း၏ခေါင်းစီး ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းအား ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေဟု ဥပဒေ၏ရည်ရွယ်ချက်နဲ့ကိုက်ညီရန် ပြင်ဆင်ပါသည်။ ဤဥပဒေကြမ်းပါ ရှေးဦးကလေးသူငယ်ဆိုသည့်စကားရပ်အစား ရှေးဦးအရွယ်ကလေးသူငယ်ဟု ပြင်ဆင်ထားပါသည်။ (ခ) အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက် ၃၁ ချက်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှစိစစ်ခဲ့ကြပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း လက်ခံသဘောတူခဲ့ကြပါသည်။

၇။ သို့ဖြစ်ပါ၍ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၆၁ အရစိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နဲ့အညီအစီရင်ခံစာတင်သွင်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ဆွေးနွေး

လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်တိကျစွာဖော်ပြ၍ ၂၃-၈-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး(၂၄)ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကိုရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို ၂၁-၈-၂၀၁၃ ရက်နေ့ ၁၀း၀၀ နာရီအချိန်တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်။ ၁၁ း ၂၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တောဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို ၁၁း၂၀ နာရီအချိန်တွင်ရပ်နားပါသည်။**]**